ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်နေ့အထိ ပြင်ဆင်ထားသည့် လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများနှင့်အညီ ပြင်ဆင်ရေးသား၍ ပြန်လည်ပုံနှိပ်သည်။

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၆ ရက်။

# ရပ်ကွက်နှင့်ကျေးရွာအုပ်စု
# ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
# လုပ်ငန်းလမ်းညွှန်

မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၂ |
| ၃။ | မဲဆန္ဒနယ်များသတ်မှတ်ခြင်း | ၃ |
| ၄။ | မဲစာရင်းများပြုစုခြင်း | ၃ |
| ၅။ | သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်အတွင်း အခြေစိုက် တပ်စွဲနေထိုင်သည့် တပ်မတော်သားများ၊ ယင်းတို့နှင့် အတူနေအိမ်ထောင်စုဝင်များ၊ သက်ဆိုင်ရာတပ်တွင်း တွင် မနေဘဲ တပ်၏ပြင်ပတွင်နေထိုင်ကြသော တပ်မတော်သားများ၊ ယင်းတို့နှင့် အတူနေ အိမ်ထောင်စုဝင်များအတွက် မဲစာရင်းပြုစုခြင်း | ၆ |
| ၆။ | မဲဆန္ဒနယ်ပြင်ပရောက်နေသူများ ကြိုတင်ဆန္ဒ မဲပေးခွင့်ရှိခြင်း | ၇ |
| ၇။ | မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေးအတွက်မဲစာရင်းပြုစုခြင်း | ၈ |
| ၈။ | တပ်မတော်သားများမှအပ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးနိုင်ရေးအတွက် မဲစာရင်း ပြုစုခြင်း | ၈ |
| ၉။ | အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများ ကြိုတင်မဲပေးနိုင်ရေးအတွက် မဲစာရင်းပြုစုခြင်း | ၉ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များအတွက် မဲစာရင်းပြုစုခြင်း | ၁၁ |
| ၁၁။ | မဲစာရင်းရေးသွင်းခြင်း | ၁၂ |
| ၁၂။ | မဲစာရင်းကြေညာခြင်း | ၁၂ |
| ၁၃။ | မဲစာရင်းတွင် အမည်စာရင်း ထည့်သွင်းပေးရန် တောင်းဆိုလွှာ တင်သွင်းခြင်း | ၁၃ |
| ၁၄။ | မဲစာရင်းတွင်ပါရှိပြီးဖြစ်သော အမည် သို့မဟုတ် အချက်အလက်ကို ပြင်ဆင်လွှာတင်သွင်းခြင်း | ၁၄ |
| ၁၅။ | မဲစာရင်းတွင် အမည်ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကို ကန့်ကွက်လွှာ တင်သွင်းခြင်း | ၁၄ |
| ၁၆။ | ကော်မရှင်အဖွဲ့ခွဲများက ဆုံးဖြတ်ဆောင်ရွက်ခြင်း | ၁၅ |
| ၁၇။ | မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်ခန့်ထားခြင်း | ၂၀ |
| ၁၈။ | မဲပေးရန်ပြင်ဆင်ခြင်း | ၂၁ |
| ၁၉။ | သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း ထုတ်ပြန်ကြေညာခြင်း | ၂၉ |
| ၂၀။ | ဆန္ဒမဲလက်မှတ်များထုတ်ပေးခြင်း | ၃၀ |
| ၂၁။ | ထူးခြားသည့်အခြေအနေကြောင့် ဆန္ဒမဲမပေးနိုင်ခြင်း | ၃၁ |
| ၂၂။ | လုံခြုံရေးအတွက် တာဝန်ပေးအပ်ခြင်း | ၃၄ |
| ၂၃။ | ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ မဲရုံများကို ကြီးကြပ်ခြင်း | ၃၅ |

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄။ | မဲရုံသို့မလာရောက်နိုင်သည့် မဲဆန္ဒရှင်များကို ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးစေခြင်း | ၃၆ |
| ၂၅။ | မဲရုံအတွင်းသို့ ဝင်ရောက်ခြင်း | ၄၀ |
| ၂၆။ | မဲရုံပိတ်ချိန်တွင်ရောက်ရှိလာသော မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်း | ၄၂ |
| ၂၇။ | ဆန္ဒမဲရေတွက်ခြင်း | ၄၂ |
| ၂၈။ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲဝင်များ လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်များ | ၄၉ |
| ၂၉။ | အစည်းအဝေးများပြုလုပ်သည့်အခါ လိုက်နာရမည့် နည်းလမ်းများ | ၅၀ |
| ၃၀။ | နိဂုံး | ၅၁ |

## ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန် နိဒါန်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိကတာဝန်မှာ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ပေးရန် ဖြစ်သည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်စေရန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်ရသည်။

၂။ ယင်းသို့ လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်ရန် မူပိုင်းဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေနှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို လည်းကောင်း၊ လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် လုပ်ကိုင်ရာ၌ လိုက်နာကျင့်သုံးရမည့် နည်းဥပဒေများကိုလည်းကောင်း ပြဋ္ဌာန်း သတ်မှတ်ထုတ်ပြန်ထားသည်။

၃။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအတွက် ရွေးကောက်ပွဲ ဆိုင်ရာ အခြေခံလုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက် ပေးရသော ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် ဖော်ပြပါဥပဒေနှင့် နည်းဥပဒေများကို ကျေညက်စွာ နားလည်သဘောပေါက် မှသာ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများနှင့် စပ်လျဉ်းသည့် ယင်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေနှင့်ညီညွတ်မှု ရှိသော တစ်နည်းအားဖြင့် လွတ်လပ်၍ တရားမျှတသော ဆောင်ရွက်ချက်များ ဖြစ်ပါမည်။

၄။ သို့ရာတွင် လက်တွေ့နယ်ပယ်၌ ဥပဒေ၊ နည်းဥပဒေများကို ဖတ်ရှုရာတွင် ကျေညက်စွာ နားလည်သဘောပေါက်ရန် ခက်ခဲမည်ဖြစ်၍ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရန် ဤရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်ကို ပြုစုထုတ်ပြန်ခြင်းဖြစ်သည်။

၅။ ဤလုပ်ငန်းလမ်းညွှန်သည် ကော်မရှင်ဥပဒေနှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများကို အခြေခံ၍ပြုစုထားသဖြင့် ဖော်ပြပါ မူရင်းဥပဒေ၊ နည်းဥပဒေများ၊ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် ဆက်စပ်လေ့လာခြင်းဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ဥပဒေနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊

(ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊

(ဂ) မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ကြေညာခြင်း၊

(ဃ) မိမိရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်း နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုများကို ဥပဒေနှင့်အညီကြီးကြပ်ခြင်း၊

(င) ရရှိသည့်ရန်ပုံငွေများကို စနစ်တကျ သုံးစွဲခြင်း၊

(စ) ရွေးကောက်ပွဲနှင့် သက်ဆိုင်သော စာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျစွာ ပြုစုထိန်းသိမ်းခြင်း၊

(ဆ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ဖော်ဆောင်ခြင်း၊

(ဇ) ကော်မရှင်က ထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှ တစ်ပါး အခြားကိစ္စများနှင့်စပ်လျဉ်း၍ ပေါက်ကြားခြင်း မရှိစေရန် စောင့်ထိန်းခြင်း၊

(ဈ) ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်း၊ မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်း၊

(ည) ကော်မရှင်ကပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်း။

## မဲဆန္ဒနယ်များသတ်မှတ်ခြင်း

၇။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများအတွက် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များသည် ကော်မရှင်က သတ်မှတ်ကြေညာထားသည့်အတိုင်းဖြစ်သည်။ ထိုသတ်မှတ်ထားသော မဲဆန္ဒနယ်တွင် ပါဝင်သည့် နယ်မြေများစာရင်းကို ရွေးကောက်ပွဲများ မကျင်းပမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများက ထပ်ဆင့်ကြေညာရမည်။

## မဲစာရင်းများပြုစုခြင်း

၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်

သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးများအတွက် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် မဲဆန္ဒနယ်များအတွက် မဲစာရင်းများကို ပြုစုရာတွင် အောက်ပါအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည် -

(က) လွှတ်တော်မဲစာရင်းများကို သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများတွင် သတ်မှတ်ထားသည့် ပုံစံ (၁)နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်မဲဆန္ဒနယ်များ၏ သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးများအတွက် ပုံစံ(၁-က)ကိုပါ ပြုစုရမည်။

(ခ) မဲစာရင်းများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် ပြုစုရာတွင် ကော်မရှင်ကသတ်မှတ်သော လူဦးရေစာရင်း ပုံစံဇယားနှင့်အညီ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကလည်းကောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ် ဦးစီးမှူးရုံးများကလည်းကောင်း ပြုစုထားသည့် အသက် ၁၈ နှစ်နှင့်အထက်ရှိ လူဦးရေစာရင်း (မသန်စွမ်းသူများ အပါအဝင်)ကို ရယူအခြေခံပြီး သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြုစုရမည်။ လိုအပ်ပါက လက်ရှိမဲစာရင်းကို အခြေခံရယူ၍ ပြုစု နိုင်သည်။ ထိုသို့ စာရင်းများပြုစုရာတွင် ဆန္ဒမဲပေးပိုင် ခွင့်ရှိသူများ လာရောက်ကြည့်ရှုရန် ဆော်ဩပေးရ

မည်။ ထိုစာရင်းများတွင် ဆန္ဒမဲပေးခွင့်မရှိသူများ ပါရှိပါ က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ဥပဒေနှင့်အညီ စိစစ်ဖယ်ထုတ်ရန် ဖြစ်သည်။ ထိုနည်းတူ ဆန္ဒမဲပေးခွင့်ရှိသူများ ကျန်ရှိနေသေးပါက ပြည့်စုံသော မဲစာရင်းဖြစ်စေရေးအတွက် ဥပဒေနှင့်အညီ ဖြည့်စွက်ဖော်ပြရမည်။

(ဂ) မဲစာရင်းပြုစုရာတွင် သက်ဆိုင်ရာလွှတ်တော်မဲဆန္ဒနယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ(မသန်စွမ်းသူများအပါအဝင်)ကို မဲစာရင်းတွင် ထည့်သွင်းပြုစုရမည်။

(ဃ) တစ်ဦးတစ်ယောက်သောသူ၏အမည်ကို သက်ဆိုင်ရာမဲစာရင်း၌ထည့်သွင်းခြင်းမပြုမီ လိုအပ်လျှင် ထိုသူသည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဟုတ် မဟုတ် စစ်ဆေးရန်နှင့် အသက် ၁၈ နှစ်ပြည့်သူ ဟုတ် မဟုတ် စိစစ်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသားလက်မှတ်၊ နိုင်ငံသားပြုခွင့်ရလက်မှတ် စသည်တို့ဖြင့် စစ်ဆေးရမည်။

(င) သက်ဆိုင်ရာ မဲစာရင်းပြုစုရာတွင် အောက်ပါ ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ ပါဝင်ခြင်း မရှိစေရေးအတွက် အထူးသတိပြုရမည် -

(၁) သာသနာ့ဝန်ထမ်း၊

(၂) ထောင်ဒဏ်ကျခံနေရသူ၊

(၃) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊

(၄) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာ ခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊

(၅) ရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ၊

(၆) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ။

သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်အတွင်း အခြေစိုက်တပ်စွဲနေထိုင်သည့် တပ်မတော်သားများ၊ ယင်းတို့နှင့်အတူနေအိမ်ထောင်စုဝင်များ၊ သက်ဆိုင်ရာ တပ်တွင်းတွင်မနေဘဲ တပ်၏ပြင်ပတွင်နေထိုင်ကြသော တပ်မတော်သားများ၊ ယင်းတို့နှင့်အတူနေအိမ်ထောင်စုဝင်များအတွက် မဲစာရင်း ပြုစုခြင်း

၉။ သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်အတွင်း အခြေစိုက်တပ်စွဲထားသည့် တပ်မတော်သားများ၊ ယင်းတို့နှင့်အတူနေအိမ်ထောင်စုဝင်များကို သက်ဆိုင်ရာ မဲစာရင်းတွင် ထည့်သွင်းဖော်ပြရန်ဖြစ်သည်။ ထိုကဲ့သို့ မဲစာရင်းပြုစုရာတွင် သက်ဆိုင်ရာ တပ်မှူး၏ အကူအညီကို

သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ရယူဆောင်ရွက်ရမည်။

၁၀။ သက်ဆိုင်ရာ တပ်တွင်း၌မနေဘဲ တပ်၏ပြင်ပတွင် နေထိုင်ကြသော တပ်မတော်သားများ၊ ယင်းတို့နှင့် အတူနေအိမ်ထောင်စုဝင်များကို ယင်းတို့နေထိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ သက်ဆိုင်ရာ မဲစာရင်း၌ ထည့်သွင်းရမည်။

**မဲဆန္ဒနယ်ပြင်ပရောက်နေသူများ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိခြင်း**

၁၁။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများတွင် သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်၏ ပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ လွှတ်တော် မဲဆန္ဒနယ်အသီးသီးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြစ်သည် -

(က) မဲဆန္ဒနယ်ပြင်ပရောက်တပ်မတော်သားများ၊

(ခ) မဲဆန္ဒနယ်ပြင်ပရောက်ကျောင်းသားများ၊

(ဂ) မဲဆန္ဒနယ်ပြင်ပရောက်သင်တန်းသားများ၊

(ဃ) မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များ၊

(င) အချုပ်ခံနေရသူများ၊

(စ) ဆေးရုံတက်ရောက်နေရသောအတွင်းလူနာများ၊

(ဆ) အစိုးရ၏ခွင့်ပြုချက်ဖြင့်နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများ။

**မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် မဲစာရင်းပြုစုခြင်း**

၁၂။ သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် ယင်းတို့နှင့် အတူနေအိမ်ထောင်စုဝင်များ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ၎င်းတို့၏အမည်စာရင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာ တပ်မှူးထံသို့ စာဖြင့်တောင်းယူရမည်။ ယင်းစာရင်းရရှိသည့်အခါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကို ပုံစံ (၁)နှင့် တိုက်ဆိုင်စိစစ်၍ ယင်းသို့ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် တပ်မတော်သားများနှင့် ယင်းတို့နှင့် အတူနေအိမ်ထောင်စုဝင်များ၏စာရင်းကို ပုံစံ(၁-၂)ဖြင့် သီးခြားရေးမှတ်ထားရမည်။ ရေးမှတ်ထားသည့် ပုံစံ(၁-၂)မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့၍ မိတ္တူတစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။ အကယ်၍ မိမိပြုစုထားသည့် မဲစာရင်းတွင် ယင်းတို့၏အမည်စာရင်း မပါရှိသေးပါက ဥပဒေနှင့်အညီ စိစစ်၍ မဲစာရင်း၌ ဖြည့်စွက်ပေးရမည်။

**တပ်မတော်သားများမှအပ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးနိုင်ရေးအတွက် မဲစာရင်းပြုစုခြင်း**

၁၃။ သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများ၏ ဖြည့်စွက်ပြီးသော ပုံစံ(၁၅)ကို သက်ဆိုင်ရာဌာန

အကြီးအမှူးက စိစစ်ပြီး ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ယင်းမဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ၏ အမည်များပါရှိသည့် ပုံစံ (၁၅)ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသို့ ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသည် ယင်းပုံစံများကို ပုံစံ(၁)နှင့် တိုက်ဆိုင်စိစစ်၍ ယင်းသို့ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကို ပုံစံ(၁-၁)ဖြင့် သီးခြားရေးမှတ်ထားရမည်။ ပုံစံ(၁)တွင် ပါရှိသော ယင်းတို့၏အမည် အောက်တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲပေးမည့်သူများဖြစ်ကြောင်း မှတ်သားရမည်။ ရေးမှတ်ထားသည့် ပုံစံ(၁-၁) မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့၍ မိတ္တူတစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။ အကယ်၍ မိမိပြုစုထားသည့် မဲစာရင်းတွင် ယင်းတို့၏ အမည်စာရင်း မပါရှိသေးပါက ဥပဒေနှင့်အညီစိစစ်၍ မဲစာရင်း၌ ဖြည့်စွက်ပေးရမည်။

**အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများ ကြိုတင်မဲပေးနိုင်ရေးအတွက် မဲစာရင်းပြုစုခြင်း**

၁၄။ ကော်မရှင်သည် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံ ဖြန့်ဖြူးနိုင်ရန် ပုံစံ(၁၅)များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများထံသို့ ရွေးကောက်ပွဲ

နေ့ရက် မကြေညာမီကတည်းက ကြိုတင်ပေးပို့ထားမည်ဖြစ်သည်။ နိုင်ငံပြင်ပရောက် ဖော်ပြပါ မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်/နေ့ရက်များကို ကြေညာပြီးလျှင်ပြီးချင်း သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများမှ ယင်းပုံစံ (၁၅) များကို တောင်းယူဖြည့်စွက်ပြီး သတ်မှတ်ထားသည့်ရက်အတွင်း အဆိုပါရုံးများသို့ ပြန်လည်ပေးပို့ရမည်။ ၎င်းတို့ဖြည့်စွက်ပေးပို့သော ပုံစံ (၁၅)များကို သက်ဆိုင်ရာ သံရုံး၊ အမြဲတမ်း ကိုယ်စားလှယ်ရုံး၊ ကောင်စစ်ဝန်ရုံး အကြီးအမှူးက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ကော်မရှင်သို့ လွှဲအပ်ပေးပို့ရမည်။ ကော်မရှင်သည် ယင်းပုံစံ(၁၅)ပါ လိပ်စာများကိုစိစစ်၍ ယင်းမဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အတွက် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ဆက်လက်ပေးပို့မည် ဖြစ်သည်။ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ သည် ယင်းပုံစံများကို ပုံစံ(၁)နှင့် တိုက်ဆိုင်စိစစ်၍ ယင်းသို့ ကြိုတင်မဲ တောင်းခံသည့် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ၏ မဲစာရင်းကို ပုံစံ (၁-၃)ဖြင့် သီးခြားရေးမှတ်ထားရမည်။ ပုံစံ(၁)တွင်ပါရှိသော ယင်းတို့၏ အမည်အောက်တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲပေးမည့်သူများဖြစ်ကြောင်း မှတ်သားရမည်။ ရေးမှတ်ထားသည့် ပုံစံ(၁-၃)မိတ္တူနှစ်စောင်ကို မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့၍ မိတ္တူတစ်စောင်ကို မိမိရုံးတွင် ကပ်ထားရမည်။ အကယ်၍ မိမိပြုစုထားသည့် မဲစာရင်းတွင် ယင်းတို့၏ အမည်စာရင်း မပါရှိသေးပါက ဥပဒေနှင့်အညီစိစစ်၍ မဲစာရင်း၌ ဖြည့်စွက်ပေးရမည်။

**မဲဆန္ဒနယ် ပြင်ပရောက် အခြားမဲဆန္ဒရှင်များအတွက် မဲစာရင်းပြုစုခြင်း**

၁၅။ အနည်းဆုံးရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် မိမိတို့၏ အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိနိုင်စေရန်အတွက် မဲစာရင်းထည့်သွင်းခြင်းကို ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာနယ်မြေရှိ လုပ်ငန်းတာဝန်ခံ၏ ထောက်ခံချက်ဖြင့်လည်းကောင်း၊ အလုပ်သမားဖြစ်ပါက သက်ဆိုင်ရာ လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်ဖြင့်လည်းကောင်း၊ အခြားပုဂ္ဂိုလ်ဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်ဖြင့်လည်းကောင်း ဖော်ပြ၍ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့် မဲစာရင်း၌ မိမိတို့၏အမည်ကို ထည့်သွင်းပေးပါရန် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၃-က)ဖြင့် လျှောက်ထားရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက လျှောက်ထားသူသည် မဲဆန္ဒရှင်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ကိုက်ညီပါက မဲစာရင်းတွင် အမည်ထည့်သွင်းပြီး ထိုသူ၏အမည်ကို ထိုသူ၏အမြဲတမ်းနေရပ်ရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ မဲစာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် မိမိ၏ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်ဖြစ်သည်။ သတ်မှတ်သည့်ရက်ထက် ကျော်လွန်လျှောက်ထားလာပါက အရေးယူဆောင်ရွက်ခြင်းမပြုရ။

## မဲစာရင်းရေးသွင်းခြင်း

၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် သက်ဆိုင်ရာလွှတ်တော်မဲဆန္ဒနယ် အသီးသီးအတွက် မဲစာရင်းပြုစုရာ၌ မဲစာရင်းတွင်ပါဝင်ခွင့်ရှိသူများ (မသန်စွမ်းသူများအပါအဝင်)၏ အမည်များကို မြန်မာအက္ခရာဖြင့် ရေးသွင်းရမည်။ ယင်းသို့ရေးသွင်းရာ၌ တိကျမှုမရှိလျှင် အင်္ဂလိပ်အက္ခရာဖြင့်လည်း ကွင်းစကွင်းပိတ်အတွင်း၌ ရေးသွင်းနိုင်သည်။

## မဲစာရင်းကြေညာခြင်း

၁၇။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရန်နေ့ရက်ကို ကော်မရှင်က ကြေညာပြီးနောက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွက် ပုံစံ (၁)ဖြင့် ပြုစုထားသော မဲစာရင်းများ [ပုံစံ (၁-က)ဖြင့် ပြုစုထားသည့် မဲစာရင်းများအပါအဝင်]ကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများ စတင်မကျင်းပမီ ကော်မရှင်က သတ်မှတ်သည့်ရက်တွင် ကြိုတင်ကြေညာရမည်။ ယင်းမဲစာရင်းများကို ကြေညာသည့်အခါ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိတို့ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံး၌လည်းကောင်း၊ သက်ဆိုင်ရာ မဲရုံ အသီးသီး၌လည်းကောင်း ကြေညာရမည်။ သက်ဆိုင်ရာ လွှတ်တော် မဲစာရင်းများနှင့်စပ်လျဉ်းသော ကြော်ငြာစာပုံစံ (၂) သို့မဟုတ် (၂-က) ကိုလည်း တစ်ပါတည်းကြေညာရမည်။

**မဲစာရင်းတွင် အမည်စာရင်းထည့်သွင်းပေးရန် တောင်းဆိုလွှာ တင်သွင်းခြင်း**

၁၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် သက်ဆိုင်ရာလွှတ်တော်မဲစာရင်းများကို သက်ဆိုင်ရာ ပုံစံ(၂)သို့မဟုတ် (၂-က)နှင့်အတူ ကြေညာပြီးနောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား သက်ဆိုင်ရာ မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ မရှိ လာရောက်ကြည့်ရှုရန် ဆော်ဩရမည်။ မဲစာရင်းတွင် အမည်မပါသေးသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာ လွှတ်တော်မဲစာရင်းတွင် မိမိအမည်ကို ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃)ဖြင့် မဲစာရင်းထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ယင်းသို့ ပုံစံ(၃)တင်သွင်းလာပါက စိစစ်ပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အရည်အချင်းနှင့်ပြည့်စုံလျှင် ယင်းတို့၏အမည်ကို သက်ဆိုင်ရာ လွှတ်တော် မဲစာရင်း၌ ထည့်သွင်းပေးရမည်။

၁၉။ သက်ဆိုင်ရာ လွှတ်တော်မဲစာရင်း၌ အမည်ထည့်သွင်းရန် တောင်းဆိုလွှာတင်သွင်းသော ပုဂ္ဂိုလ်ကလည်းကောင်း၊ ယင်းပုဂ္ဂိုလ်က စာဖြင့်လွှဲအပ်ထားသော ကိုယ်စားလှယ်ကလည်းကောင်း တောင်းဆိုလွှာတွင် လက်မှတ်ရေးထိုး၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ကဖြစ်စေ တင်သွင်းနိုင်သည်။

မှတ်ချက်။ သတ်မှတ်ထားသည့် ကာလအပိုင်းအခြားထက် ကျော်လွန်သော တောင်းဆိုလွှာကို လက်ခံဆောင်ရွက်ခြင်း မပြုရ။

မဲစာရင်းတွင်ပါရှိပြီးဖြစ်သော အမည် သို့မဟုတ် အချက်အလက်ကို ပြင်ဆင်လွှာ တင်သွင်းခြင်း

၂၀။ (က) သက်ဆိုင်ရာ လွှတ်တော်မဲစာရင်းတွင် ပါရှိပြီးဖြစ်သော အမည်နှင့် အခြားအချက်အလက်များအား ပြင်ဆင်လိုသူသည် ပြင်ဆင်လွှာကို ပုံစံ(၄-က)ဖြင့် မဲစာရင်း ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းနိုင်သည်။

(ခ) ယင်းသို့ တင်သွင်းသော ပြင်ဆင်လွှာပုံစံ (၄-က) တွင် ထိုသူနှင့် ပတ်သက်သော သက်ဆိုင်ရာ လွှတ်တော် မဲစာရင်းပါ အချက်အလက်အားလုံးကို ထည့်သွင်းဖော်ပြရမည်။

မှတ်ချက်။ သတ်မှတ်ထားသည့် ကာလအပိုင်းအခြားထက် ကျော်လွန်သော ပြင်ဆင်လွှာကို လက်ခံဆောင်ရွက်ခြင်း မပြုရ။

မဲစာရင်းတွင် အမည်ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကို ကန့်ကွက်လွှာ တင်သွင်းခြင်း

၂၁။ (က) မဲစာရင်းတွင် အမည်ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကို ကန့်ကွက်လိုလျှင် ကန့်ကွက်လွှာပုံစံ (၄)တွင် ထိုသူနှင့်ပတ်သက်သော သက်ဆိုင်ရာ လွှတ်တော် မဲစာရင်းပါ အချက်အလက်အားလုံးကို ထည့်သွင်း ဖော်ပြ၍ မဲစာရင်း ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ၁၄ ရက်အတွင်း

သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

(ခ) သို့ရာတွင် မိမိအမည်စာရင်းပါရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မဲစာရင်း၌ ပါရှိသည့် ပုဂ္ဂိုလ်များကိုသာ ကန့်ကွက်ခွင့်ရှိသည်။

မှတ်ချက်။ သတ်မှတ်ထားသည့် ကာလအပိုင်းအခြားထက် ကျော်လွန်သော ကန့်ကွက်လွှာကို လက်ခံ ဆောင်ရွက်ခြင်း မပြုရ။

**ကော်မရှင်အဖွဲ့ခွဲများက ဆုံးဖြတ်ဆောင်ရွက်ခြင်း**

၂၂။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် တစ်ဦးတစ်ယောက်၏အမည်ကို မဲစာရင်း၌ထည့်သွင်းခြင်း မပြုမီ လိုအပ်လျှင် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဟုတ် မဟုတ် စစ်ဆေးခြင်း၊

(ခ) အသက် ၁၈ နှစ်ပြည့်ပြီးကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကိုလည်းကောင်း၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားကိုလည်းကောင်း၊ ဧည့်နိုင်ငံသား လက်မှတ် သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်ကိုလည်းကောင်း တင်ပြစေခြင်း။

၂၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် အထက်ပါကိစ္စတို့နှင့်စပ်လျဉ်းသော တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ သို့မဟုတ်

ကန့်ကွက်လွှာများကို လက်ခံရန် သို့မဟုတ် ငြင်းပယ်ရန် ဆုံးဖြတ်နိုင်သည်။

၂၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာများကို လက်ခံလျှင်ဖြစ်စေ၊ ငြင်းပယ်လျှင်ဖြစ်စေ ယင်းသို့ လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို တင်သွင်းသူထံသို့ တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာတင်သွင်းသည့်နေ့မှ ခုနစ်ရက်အတွင်း အကြောင်းပြန်ကြားရမည်။

၂၅။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကိုမကျေနပ်လျှင် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှစ၍ သုံးရက်အတွင်း သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံနိုင်သည်။ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်များမှတစ်ပါး အပြီးအပြတ် ဖြစ်စေရမည်။

၂၆။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၂၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင်အယူခံမှု မပြီးပြတ်သေးသော်လည်း သက်ဆိုင်ရာ လွှတ်တော်မဲစာရင်းတွင် အမည်ပါရှိပြီးဖြစ်သောသူအား

မဲမပေးရဟု မတားမြစ်ရ။ယင်းအခွင့်အရေးအရ ပေးပြီးဖြစ်သော ဆန္ဒမဲ သည်လည်း တရားဝင်ဖြစ်စေရမည်။

၂၈။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့သည် အောက်ပါ လုပ်ပိုင်ခွင့်များရှိသဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် အထက်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ညွှန်ကြားချက်အတိုင်း လိုက်နာ ဆောင်ရွက်ရမည် -

(က) တစ်ဦးတစ်ယောက်သောသူသည် လွှတ်တော် မဲစာရင်း တွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်နေပါက ကော်မရှင်နှင့် ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်တို့က မဲစာရင်းမှ ပယ်ဖျက်စေခြင်း၊

(ခ) လွှတ်တော်မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့သည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်း တွေ့ရှိလျှင် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက ထိုအမည်များကို ရွေးကောက်ပွဲ မကျင်းပမီ ခုနစ်ရက်ထက် နောက်မကျစေဘဲ ထည့်သွင်း ခွင့်ပြုခြင်း။

၂၉။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦး၏ အမည်သည် မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းများတွင် ပါရှိနေပါက မဲဆန္ဒရှင်၏ ဆန္ဒနှင့်အညီ ၎င်းမဲပေးလိုသည့် မဲဆန္ဒနယ်တွင် မဲပေးနိုင် ရန်အတွက် အဆိုပါမဲပေးလိုသည့် မဲဆန္ဒနယ်နှင့်သက်ဆိုင်သည့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးရမည်။ ထို့နောက် ယင်းမြို့နယ်

ကော်မရှင်အဖွဲ့ခွဲသည် ထိုသူ၏အမည်အား မိမိမဲဆန္ဒနယ်၏ မဲစာရင်းတွင် ထည့်သွင်းပြီးကြောင်းနှင့် အခြားမဲဆန္ဒနယ်များရှိ မဲစာရင်းများတွင် ထိုသူ၏အမည်ကို ပယ်ဖျက်ပေးရန် အမည်စာရင်းပါရှိနေသည့် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အသီးသီးထံသို့ အကြောင်းကြားရမည်။

၃၀။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦး၏ အမည်သည် မဲဆန္ဒနယ် တစ်ခုအတွင်းတွင်ရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုထက် ပိုသည့် မဲစာရင်းများတွင်ပါရှိနေပါက မဲဆန္ဒရှင်၏ဆန္ဒနှင့်အညီ ၎င်းမဲ ပေးလိုသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် မဲပေးနိုင်ရန်အတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားစီစဉ်ပေးရမည်။ ထို့နောက် မိမိမြို့နယ်အတွင်းရှိ ထိုသူ၏အမည်ပါဝင်သော အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ မဲစာရင်းများမှ ထိုသူ၏အမည်ကို ပယ်ဖျက်စေရန် ညွှန်ကြားရမည်။

၃၁။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် ဒေသတစ်ခုမှ အခြားဒေသ တစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းမှ အခြား မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂)နှင့် နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် ပုံစံ(၉၀/၁/နသေ)နှင့်အတူ လက်ရှိမဲဆန္ဒနယ် မဲစာရင်း၌ မိမိအမည်ကို ပယ်ဖျက်၍ အခြားမဲဆန္ဒနယ်သို့ ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာ ပုံစံ(၄-က)ဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရမည်။ ယင်းတင်ပြချက်အတိုင်း

မှန်ကန်ကြောင်းတွေ့ရှိလျှင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက ခွင့်ပြု၍ ယင်းအမည်ကို မဲစာရင်းမှပယ်ဖျက်ကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ)ကို ထိုသူအားပေးရမည်။ ထိုသူသည် မိမိပြောင်းရွှေ့နေထိုင်သည့် မဲဆန္ဒနယ်၏မဲစာရင်းတွင် မိမိအမည်ကိုထည့်သွင်းပေးပါရန် ပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုဇယားနှင့် ပုံစံ (၄-ခ) တို့ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ(၃)ကို တင်သွင်းလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက မဲစာရင်း၌ ထည့်သွင်းပေးရမည်။ ယင်းသို့ ရွှေ့ပြောင်းလာသော မဲဆန္ဒနယ်၌ ထိုသူသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

၃၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေ ၈ အရ မဲစာရင်းများ ထုတ်ပြန်ကြေညာပြီးနောက် တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာများရှိပါက ယင်းတို့ကိုစစ်ဆေး၍လည်းကောင်း၊ မိမိကော်မရှင်အဖွဲ့ခွဲ၏ တွေ့ရှိချက်အရလည်းကောင်း မှန်ကန်စုံလင်သော မဲစာရင်းများဖြစ်စေရန် လိုအပ်သော အချက်အလက်များကို ဖြည့်စွက်ခြင်း၊ ကွယ်လွန်သူများ၏ အမည်များနှင့် ရွေးကောက်ပွဲဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ၏ အမည်များကို ထုတ်ပယ်ခြင်း၊ သတ်ပုံသတ်ညွှန်း အမှားများနှင့် အရေးအကူးချွတ်ယွင်းသောအမှားများကို ပြင်ဆင်ခြင်းများပြုနိုင်သည်။ ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပြီးသည့် မဲစာရင်းကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲကလည်း ယင်းသို့ တင်ပြလာသည့် မဲစာရင်းအပေါ်တွင် နည်းဥပဒေ ၁၃ (ခ) အရ လိုအပ်

သလို စိစစ်ပြင်ဆင်၍ ဆက်လက်ဆောင်ရွက်နိုင်ရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည်ပေးပို့လိမ့်မည်။

၃၃။ အထက်အပိုဒ် ၃၂ အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ပြန်လည်ပေးပို့လာသော မဲစာရင်း၏စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုး၍ အတည်ပြုရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ထိုသို့ အတည်ပြုထားသော မဲစာရင်းနှစ်စုံကို သက်ဆိုင်ရာမြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ပေးပို့ရမည်။ (ထိုသို့ အတည်ပြုလက်မှတ်ရေးထိုးထားသောမဲစာရင်းသည် ပြည်သူ့လွှတ်တော်မဲစာရင်း၊ အမျိုးသားလွှတ်တော် မဲစာရင်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲစာရင်းဟု သတ်မှတ်ထားသော်လည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တစ်ခုချင်းအလိုက် မဲဆန္ဒရှင်များမှာ တူညီနေမည်ဖြစ်သည်။ ယင်းတူညီသော မဲစာရင်းသုံးစောင်တွဲ နှစ်စုံပေးပို့ရန်ဖြစ်သည်။) တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအတွက် ပြုစုထားသော မဲစာရင်းပုံစံ(၁-က)ကိုလည်း အထက်ပါအတိုင်း ဆောင်ရွက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တစ်စုံပေးပို့ရန် ဖြစ်သည်။

**မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ် ခန့်ထားခြင်း**

၃၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၂၃ အရ ပုံစံ (၈)ဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းက ပေးပို့သောခန့်စာတွင်ပါရှိသည့် မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တို့အား သဘောတူလျှင် ၎င်းတို့၏

ခေတ်ပုံပေါ်၌ တံဆိပ်ရိုက်နှိပ်၍ တစ်စောင်စီကို လွှတ်တော်ကိုယ်စားလှယ်လောင်းထံသို့ ပြန်လည်ပေးအပ်ရမည်။

၃၅။ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်နုတ်ထွက်လျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းက ယင်းအားခန့်ထားခြင်းမှ ရုပ်သိမ်းလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၈-က)ဖြင့် တင်ပြရမည်။ ထို့နောက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၂၃ နှင့်အညီ ပုံစံ (၈)ဖြင့် အခြားသူတစ်ဦးကို မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်အဖြစ် လွှတ်တော်ကိုယ်စားလှယ်လောင်းက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ သဘောတူညီချက်ဖြင့် အစားထိုးခန့်ထားနိုင်သည်။

## မဲပေးရန်ပြင်ဆင်ခြင်း

၃၆။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ပေးပို့သော အတည်ပြုပြီးသည့် မဲစာရင်း ပုံစံ (၁) သုံးစောင်တွဲ နှစ်စုံကိုရရှိသည့်အခါ -

(က) မဲစာရင်းကိုစိစစ်၍ မဲဆန္ဒနယ်အလိုက် စုစည်းရမည်။

(ခ) မဲစာရင်း မိတ္တူနှစ်စုံ ထပ်မံပြုစု၍ ယင်းမဲစာရင်းများ၏ စာရွက်တိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား လက်မှတ်ရေးထိုးစေရမည်။

(ဂ) ယင်းသို့ လက်မှတ်ရေးထိုးပြီးသည့်အခါ မဲစာရင်း သုံးစောင်တွဲတစ်စုံကို ယူထားပြီး ကျန်သုံးစောင်တွဲ သုံးစုံကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

၃၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မြို့နယ် ကော်မရှင်အဖွဲ့ခွဲထံမှရရှိသော မဲစာရင်းသုံးစုံအနက် -

(က) တစ်စုံကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ကျင်းပ မည့်နေ့၌ သက်ဆိုင်ရာမဲရုံတွင် ကြေညာရန်ဖြစ်သည်။

(ခ) တစ်စုံကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ကျင်းပ သောနေ့တွင် သက်ဆိုင်ရာ မဲရုံမှူးထံ ပေးအပ်ရမည်။

(ဂ) တစ်စုံကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲတွင် ထိန်းသိမ်းထားရမည်။

၃၈။ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် တစ်ဦးထက် ပိုမိုရွေးကောက်တင်မြှောက်ရန်ရှိပါက မြို့နယ် ကော်မရှင်အဖွဲ့ခွဲသည် -

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ပေးပို့သော အတည်ပြုပြီးသည့် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်မဲစာရင်း ပုံစံ(၁-က) တစ်စုံစီကို ရရှိသည့်အခါ စိစစ်ပြီး မဲစာရင်းမိတ္တူသုံးစုံစီ ထပ်မံပြုစုရမည်။

(ခ) မဲစာရင်းများ၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့အား လက်မှတ်ရေးထိုးစေရမည်။

(ဂ) မဲစာရင်း တစ်စုံစီကို လက်ခံအဖြစ် ယူထားရမည်။

(ဃ) မဲစာရင်း သုံးစုံစီကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

၃၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှရရှိသော မဲစာရင်း သုံးစုံစီအနက် -

(က) တစ်စုံစီကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ကျင်းပမည့်နေ့၌ သက်ဆိုင်ရာမဲရုံတွင် ကြေညာရန် ဖြစ်သည်။

(ခ) တစ်စုံစီကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ကျင်းပသောနေ့တွင် သက်ဆိုင်ရာ မဲရုံမှူးထံ ပေးအပ်ရမည်။

(ဂ) တစ်စုံစီကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွင် ထိန်းသိမ်းထားရမည်။

၄၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၀၀ မှ ၃၀၀၀ အတွင်းရှိလျှင် မဲရုံတစ်ရုံ ဆောက်လုပ်ရန်ဖြစ်သည်။ မဲရုံဆောက်လုပ်ရာတွင် မသန်စွမ်းသူ မဲဆန္ဒရှင်များ ပါဝင်သော မဲရုံများ၌ ယင်းမသန်စွမ်းသူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိရမည်။ မဲရုံတစ်ရုံနှင့် တစ်ရုံ အကွာအဝေးကို ဆန္ဒမဲပေးခြင်း၊ လုံခြုံရေး မထိခိုက်စေခြင်းတို့အတွက် သင့်လျော်သလို သတ်မှတ်ရမည်။ မဲရုံပရိဝုဏ်ကို သတ်မှတ်ကြေညာပေးရမည်။

တပ်မတော်သားများနှင့် ယင်းတို့နှင့်အတူနေထိုင်ကြသည့် အိမ်ထောင်စုဝင်များ နေထိုင်ရာ တပ်ရင်းတပ်ဖွဲ့များအတွက် မဲရုံနေရာ သတ်မှတ်ရာ၌ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ မဲဆန္ဒရှင်များနှင့်အတူ ဆန္ဒမဲပေးနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လွတ်လပ်စွာ ဝင် ထွက် သွားလာနိုင်မည့် ထိုတပ်ရင်း တပ်ဖွဲ့၏ပြင်ပ သင့်လျော်သည့်နေရာတွင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက သတ်မှတ်ပေးရမည်။

၄၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတိုင်းတွင် အနည်းဆုံး မဲရုံတစ်ရုံထားရှိရမည်။ သွားလာရေး ခက်ခဲသောဒေသများရှိ ကျေးရွာများအတွက် လိုအပ်လျှင် မဲရုံများကို ဖွင့်လှစ်ပေးရန် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ခွင့်ပြုပေးရမည်။

၄၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် မိမိတို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် ခွင့်ပြုချက်ရရှိသော မဲရုံများကို စီစဉ်ဆောင်ရွက်ရမည်။ မဲရုံများကို စာသင်ကျောင်းများ၌လည်းကောင်း၊ အခြားသင့်လျော်သည့် အဆောက်အအုံများ၌လည်းကောင်း ဦးစားပေး ဆောင်ရွက်ရမည်။ မဲရုံကို ဆန္ဒမဲပေးခွင့်ရှိသူ ဦးရေ ၃၀၀ မှ ၃၀၀၀ အထိပူးတွဲပါ ပုံစံအတိုင်း ဆောင်ရွက်သွားရန် ဖြစ်သည်။ မဲပုံး၌ ဆန္ဒမဲလက်မှတ်ဝင်နိုင်ရုံသာ အပေါက်ပြုလုပ်ထားခြင်း ရှိ မရှိ စစ်ဆေး

ရန်၊ အပေါက်ကျဉ်းလွန်းခြင်း၊ ကျယ်လွန်းခြင်းများရှိပါက ချက်ချင်း ပြုပြင်ပေးရမည်။

၄၃။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးရန်လာရောက်သူများ စိတ်ငြိုငြင်စေရန် သို့မဟုတ် မဲရုံတွင်တာဝန်ကျသော မဲရုံမှူးနှင့် မဲရုံ အဖွဲ့ဝင်များ တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကို အနှောင့်အယှက် ဖြစ်စေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှကိုက် ၅၀၀ အတွင်း၌ဖြစ်စေ အသံချဲ့စက်အစရှိသော အသံကိုကျယ်အောင်ပြုလုပ်သည့် ကိရိယာ တန်ဆာပလာများ အသုံးမပြုနိုင်ရန် တားမြစ်ရမည်။

၄၄။ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ် တစ်ဦးဦးက ဖြစ်စေ၊ မဲဆန္ဒနယ်အတွက် တာဝန်ယူဆောင်ရွက်ရသော ကော်မရှင် အဖွဲ့ခွဲ မဲရုံအဖွဲ့တစ်ခုခုတွင်ပါဝင်သော အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ သက်သေအထောက်ထား ခိုင်လုံစွာဖြင့် ရွေးကောက်ပွဲမကျင်းပမီသော် လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပနေစဉ်သော်လည်းကောင်း၊ ရွေးကောက်ပွဲ ကျင်းပသောနေ့မှ ၁၅ ရက်အတွင်း သော်လည်းကောင်း ဥပဒေနှင့်အညီ တိုင်တန်း လျှောက်ထားစေရမည်။

၄၅။ မဲဆန္ဒရှင်များ လွတ်လပ်လွယ်ကူစွာ လျှို့ဝှက်ဆန္ဒပြုနိုင်ရေးအတွက် မဲရုံများကို ရွေးကောက်ပွဲကျင်းပမည့်ရက် မတိုင်မီ အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ထားရမည် -

(က) ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် မဲရုံအတွင်း တွင် အခန်းတစ်ခန်းတည်း၌ သက်ဆိုင်ရာ လွှတ်တော် အလိုက် သီးခြားမဲပုံး တစ်ပုံးစီဖြင့် မဲထည့်နိုင်ရန် စီစဉ် ပေးရမည်။ (လိုအပ်ပါက အသုံးပြုနိုင်ရန် လွှတ်တော် အလိုက် မဲပုံးအပိုများ ဆောင်ထားရန်)

(ခ) မဲစာရင်းစစ်ဆေးခြင်းနှင့် မဲလက်မှတ်ထုတ်ပေးခြင်းတို့ကို လွှတ်တော်တစ်ရပ်ချင်းအလိုက် ဆောင်ရွက်ရန်ဖြစ်သည်။ (မဲဆန္ဒရှင် များပြားလွန်းပါက မဲပေးချိန်အမီ ပြီးစီးရန် လွှတ်တော်အလိုက် အဆိုင်းခွဲ၍ ဆောင်ရွက်နိုင်သည်။)

(ဂ) မဲရုံအတွင်းရှိ ဆန္ဒပြုခန်းများကို နံရံဘက်သို့လှည့်၍ လူတစ်ဦးဝင်သာရုံ အကွာအဝေးတွင်ထားရှိပြီး မဲဆန္ဒရှင် များ လျှို့ဝှက်ဆန္ဒပြုနိုင်ရန် စီစဉ်ပေးရမည်။ ဆန္ဒပြုခန်း များကို မဲဆန္ဒရှင်အရေအတွက်ပေါ် မူတည်၍ လုံလောက် စွာ စီစဉ်ထားရှိရမည်။

မှတ်ချက်။ မသန်စွမ်းသူ မဲဆန္ဒရှင်များရှိသော မဲရုံဖြစ်ပါက မဲရုံဝင်ပေါက်နှင့် ဆန္ဒပြုခန်းကို ဘီးတပ်

ကုလားထိုင် (ဗိုးခဲ)ဝင်သာအောင် ဆောင်ရွက်ပေးရမည်။

(ဃ) မဲဆန္ဒရှင်များက ဆန္ဒပြုခန်းအတွင်း လျှို့ဝှက်ဆန္ဒပြုပြီးသည့်အခါ လွှတ်တော်အလိုက် သတ်မှတ်ထားသည့် မဲပုံးများအတွင်းသို့ သက်ဆိုင်ရာ မဲလက်မှတ်ကို ခေါက်၍ မဲထည့်စေရမည်။

(င) တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ရွေးချယ်ပေးရန်ရှိသော မဲရုံများတွင် လွှတ်တော်သုံးရပ်၏ မဲပေးခန်းအပြင် တိုင်းရင်းသားလူမျိုး တစ်မျိုးစီအလိုက် သီးခြားမဲပေးခန်းများကို သတ်မှတ်စီစဉ်ပေးရမည်။ ထိုတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်အလိုက် မဲပေးခန်းများတွင်လည်း သီးခြားမဲစာရင်းပုံစံ (၁-က)ကို အသုံးပြု၍ မဲစာရင်း စစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူ အဆိုင်းများခွဲ၍ တာဝန်ပေးဆောင်ရွက်စေရမည်။

မှတ်ချက်။ မဲရုံများကို ပူးတွဲပါ နမူနာပုံစံအတိုင်း သင့်လျော်သလို ဆောက်လုပ်ကြရန်ဖြစ်သည်။

၄၆။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ကျင်းပသောနေ့တွင် မဲဆန္ဒရှင်များသည် မဲရုံသို့လာရောက်၍ ဆန္ဒမဲလက်မှတ်ဖြင့် မိမိတို့ကြိုက်နှစ်သက်ရာ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မဲပေးကြမည်ဖြစ်သည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု

တစ်ခုတွင် သာမန်အားဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၀၀ မှ ၃၀၀၀ အထိရှိလျှင် မဲရုံတစ်ရုံထားရှိစေရန် သတ်မှတ်ထားပြီး မဲရုံတစ်ရုံတွင် သာမန်အားဖြင့် မဲရုံမှူး တစ်ဦး၊ ဒုတိယမဲရုံမှူး တစ်ဦး၊ မဲစာရင်းစစ်ဆေးသူ သုံးဦး၊ ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ သုံးဦးနှင့် မဲရုံလုံခြုံရေးတစ်ဦး၊ မင်တို့မည့်အဖွဲ့ဝင် တစ်ဦး၊ စုစုပေါင်း (၁၀)ဦး သတ်မှတ်ထားသည်။ မဲဆန္ဒရှင် ၃၀၀ ထက်ကျော်လျှင် မဲစာရင်းစစ်ဆေးသူနှင့် မဲလက်မှတ်ထုတ်ပေးသူ အဆိုင်းများ တိုးချဲ့နိုင်သဖြင့် ထားရှိမည့်အဆိုင်းပေါ်မူတည်၍ မဲရုံအဖွဲ့ဝင် ဦးရေကို တိုးချဲ့ဖွဲ့စည်းသွားရမည်။ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် တစ်ဦးထက် ပိုမိုရွေးကောက်တင်မြှောက် ရန်ရှိပါက ထိုတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် ဦးရေပေါ် မူတည်ပြီး မဲရုံ၌မဲစာရင်းစစ်ဆေးသူ၊ ဆန္ဒမဲလက်မှတ် ထုတ်ပေးသူနှင့် လုံခြုံရေးတို့ကို တိုးချဲ့သတ်မှတ်ပေးရမည်။

၄၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲရုံများကို ကြီးကြပ်ကွပ်ကဲရန် အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ဆွေမျိုးရင်းချာ တော်စပ်ခြင်းမရှိဘဲ ပါတီနိုင်ငံရေးကင်းရှင်းသည့် ခန့်ထားသင့် ခန့်ထား ထိုက်သော အစိုးရကျောင်းဆရာ၊ ဆရာမများရှိပါက ယင်းတို့ကို မဲရုံမှူး များအဖြစ် ဦးစားပေး၍ ခန့်ထားရမည်။ ယင်းတို့မရှိလျှင် အခြားဝန်ထမ်း များကို မဲရုံမှူးများအဖြစ် ခန့်အပ်နိုင်သည်။ မဲရုံအဖွဲ့ဝင်များကို ဖြစ်နိုင်သရွေ့ ဝန်ထမ်းများအပြင်ယင်းမဲရုံစာရင်းတွင် ပါဝင်ပြီးဖြစ်သည့် အများပြည်သူ ယုံကြည်လေးစားခြင်းခံရသော မဲဆန္ဒရှင် သို့မဟုတ် ယင်းမဲဆန္ဒနယ်မြေ အတွင်းရှိ ဒေသခံပြည်သူများဖြင့် ကော်မရှင်က သတ်မှတ်ပေးသောဦးရေ အတွင်း ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၄၈။ မကျန်းမာသောကြောင့်လည်းကောင်း၊ မလွှဲမရှောင်သာသည့် တစ်စုံတစ်ရာသော အကြောင်းကြောင့်လည်းကောင်း မဲရုံမှူးသည် ဆန္ဒမဲပေးသည့်နေ့တွင် တာဝန်မထမ်းဆောင်နိုင်ပါက ဒုတိယမဲရုံမှူးက မဲရုံမှူးတာဝန်ထမ်းဆောင်ရမည်။ ဒုတိယမဲရုံမှူးပါ ပျက်ကွက်မှုရှိခဲ့သော် မဲရုံအဖွဲ့ကို ဖွဲ့စည်းစဉ်က သတ်မှတ်ထားသည့် ဦးစားပေးအစီအစဉ်အတိုင်း ဆင့်ကဲ ဆင့်ကဲ တာဝန်ထမ်းဆောင်ရမည်။ ထို့အတူ လိုအပ်နေသည့် မဲရုံအဖွဲ့ဝင်နေရာ အစားထိုးခန့်ထားရန်အတွက် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ရမည်။

## သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ထုတ်ပြန်ကြေညာခြင်း

၄၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက လက်ခံအတည်ပြုပြီးဖြစ်သော သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို အက္ခရာစဉ်အလိုက် ပုံစံ(၁၀)နှင့် ပုံစံ(၁၀-က)တို့ဖြင့် ပြုစု၍ မဲဆန္ဒနယ်အလိုက် ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။ ယင်းသို့ ထုတ်ပြန်ကြေညာထားသည့် ပုံစံ (၁၀) နှင့် ပုံစံ (၁၀-က)တို့၏ မိတ္တူ တစ်စောင်စီကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသို့ ဖြန့်ဝေသွားပြီး အများပြည်သူမြင်တွေ့နိုင်သော နေရာများတွင် ကပ်ထားပေးရမည်။

## ဆန္ဒမဲလက်မှတ်များထုတ်ပေးခြင်း

၅၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသည့် ဆန္ဒမဲလက်မှတ်များကို မဲရုံမဖွင့်မီ မဲရုံမှူးများထံသို့ ရေတွက်ထုတ်ပေးရမည်။ ထိုသို့ ထုတ်ပေးရာတွင် -

(က) မဲလက်မှတ်များကို စာအုပ်အလိုက်ထုတ်ပေးရန်ဖြစ်သည်။ မဲလက်မှတ်စာအုပ် တစ်အုပ်လျှင် ရွက်ရေ ၅၀ စီ ပါရှိမည်ဖြစ်၍ မဲရုံတစ်ရုံတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေ ၃၀၀ ရှိပါက ဆန္ဒမဲလက်မှတ် ၅၀ စီပါရှိသော ဆန္ဒမဲလက်မှတ်စာအုပ်ခြောက်အုပ်ကို ထုတ်ပေးရမည်ဖြစ်သည်။ အစွန်းထွက်နေသော မဲဆန္ဒရှင်ဦးရေအတွက် မဲလက်မှတ်များကို ရေတွက်ထုတ်ပေးရန်မဟုတ်ဘဲ စာအုပ်တစ်အုပ်ထုတ်ပေးရမည်။ (မဲဆန္ဒရှင်ဦးရေကို ၅၀ ဖြင့်စား၍ အကြွင်းရှိတိုင်း မဲလက်မှတ်စာအုပ်တစ်အုပ် ထပ်ဆောင်းထုတ်ပေးရန်ဖြစ်သည်။)

(ခ) ဆန္ဒမဲလက်မှတ်စာအုပ်များ ထုတ်ပေးသည့် စာရင်းကို နောက်ဆက်တွဲပုံစံ(ခ)ဖြင့်မှတ်တမ်းတင်ပြီး သက်ဆိုင်ရာ မဲရုံမှူးများထံမှ လက်ခံရရှိကြောင်း လက်မှတ်များကို ရယူထားရမည်။

(ဂ) မဲလက်မှတ်စာအုပ်၏ အဖုံးများတွင်လည်း အုပ်ရေ အမှတ်စဉ်ကို ထင်ရှားစွာ ရေးမှတ်ပေးလိုက်ရမည်။

## ထူးခြားသည့် အခြေအနေကြောင့် ဆန္ဒမဲမပေးနိုင်ခြင်း

၅၁။ (က) ဆန္ဒမဲပေးရန် သတ်မှတ်ထားသောနေ့ရက်၌ သတ်မှတ်ထားသောနေရာတွင် သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ လုံခြုံရေးအခြေအနေအရလည်းကောင်း မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်းမပြုနိုင်ပါက မဲရုံမှူးသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်း အကြောင်းကြားရမည်။

(ခ) ဆန္ဒမဲပေးခိုက်တွင် ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်းရခြင်းဖြစ်လျှင် မဲရုံမှူးသည် မဲပုံးကို မိမိချိပ်တံဆိပ်ခတ်နှိပ်၍ ပိတ်ရမည်။ မဲရုံကိုယ်စားလှယ်များ၏ ချိပ်တံဆိပ်ခတ်နှိပ်ခြင်းကိုလည်း ခွင့်ပြုရမည်။ ယင်းမဲပုံးကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ မဲရုံအလိုက် တာဝန်ယူရသည့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်နှင့် မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များအနက် လိုက်ပါနိုင်သူတို့နှင့်အတူ သယ်ဆောင်ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ရောက်ရှိသည့်အခါ မဲရုံမှူးသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ဆန္ဒမဲရေတွက်သည့်နေရာတွင် ရောက်ရှိနေသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် မဲရုံကိုယ်စားလှယ်များ သို့မဟုတ် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် မဲပုံးကိုဖွင့်၍ ဆန္ဒမဲ

များကို ရေတွက်ရမည်။ ယင်းသို့ ရေတွက်ရရှိသော ဆန္ဒမဲ အရေအတွက်ကို ပုံစံ(၁၆)တွင် ရေးသွင်းပြီး လွှတ်တော် ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များနှင့် မဲရုံ ကိုယ်စားလှယ်များ သို့မဟုတ် အကူကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ် ရေးထိုးရမည်။

(ဂ) အပိုဒ်(က)အရ ဆန္ဒမဲပေးခြင်း မပြုနိုင်သည့်အခါတွင် ဖြစ်စေ၊ အပိုဒ်(ခ)အရ ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်းရသည့် အခါတွင်ဖြစ်စေ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ သည် ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် အကြောင်းရင်း၊ ရပ်ဆိုင်းရသည့်အကြောင်းရင်း၊ မည်သည့်နေ့ရက်တွင် ဆန္ဒမဲပေးခြင်းကို ကျင်းပပေးသင့်ကြောင်း၊ ယင်းသို့ ဆန္ဒမဲပေးခြင်းကို ဆက်လက်ပြီးဆန္ဒမဲပေးစေရန် သို့မဟုတ် အသစ်တဖန် ဆန္ဒမဲပေးစေသင့်ကြောင်းကို ကော်မရှင်သို့ အစီရင်ခံရမည်။ အစီရင်ခံစာ မိတ္တူတစ်စောင်စီကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့ ပေးပို့ရမည်။

၅၂။ အထက်အပိုဒ် ၅၁(ခ)အရ ဆန္ဒမဲပေးခိုက်တွင် ဆန္ဒမဲပေးခြင်း ကို ရပ်ဆိုင်းရခြင်းဖြစ်လျှင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် -

(က) လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ(၁၆)ဖြင့် ရေးသွင်း၍ ကြေညာ ခြင်းမပြုဘဲ ဆိုင်းငံ့ထားရမည်။

(ခ) ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်းထားသော မဲရုံအတွက် ရွေးကောက်ပွဲကို ထပ်မံကျင်းပရန်မလိုဟု နည်းဥပဒေ ၄၅ (ဃ) အရ ကော်မရှင်ကဆုံးဖြတ်ပါက နည်းဥပဒေ ၄၅ (ခ) အရ ပုံစံ (၁၆)တွင် ရေးသွင်းထားသည့် ဆန္ဒမဲများကို ကြေညာရမည်။

(ဂ) ဆန္ဒမဲပေးခြင်းကို ရပ်ဆိုင်းထားသော မဲရုံအတွက် ရွေးကောက်ပွဲကို ထပ်မံကျင်းပပေးရန် လိုအပ်သည်ဟု နည်းဥပဒေ ၄၅(ဃ)အရ ကော်မရှင်က ဆုံးဖြတ်ညွှန်ကြားပါ က နည်းဥပဒေ ၄၅ (ခ) အရ ပုံစံ (၁၆) ဖြင့် ရေးသွင်းထားသော ဆန္ဒမဲများကို ကြေညာခြင်းမပြုသေးဘဲ ယင်းမဲရုံမှ ဆန္ဒမဲမပေးရသေးသူများအတွက် နောက်တစ်ကြိမ် ပြုလုပ်သည့် ရွေးကောက်ပွဲမှရရှိသည့် ဆန္ဒမဲများဖြင့် စုစည်းရေတွက်ပြီးမှ ကြေညာရမည်။

၅၃။ (က) ရွေးကောက်ပွဲကျင်းပရာတွင် မဲရုံရှိ မဲပုံးတစ်ခုခုကို မတရားသည့်နည်းဖြင့် ယူဆောင်သွားခြင်းခံရလျှင် သို့မဟုတ် မတော်တဆဖြစ်စေ၊ တမင်ဖြစ်စေ ပြုလုပ်ခြင်းဖြင့် ယင်းမဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ်များ ချွတ်ယွင်းပျက်စီး ပျောက်ဆုံးလျှင် မဲရုံမှူးသည် ထိုမဲရုံရှိ သက်ဆိုင်ရာ လွှတ်တော်မဲပုံး၏ ဆန္ဒမဲပေးခြင်းကို ပျက်ပြယ်သည်ဟု သတ်မှတ်ရမည်။ အကယ်၍ ထိုမဲရုံရှိ မဲပုံးအားလုံးကို အထက်ပါအတိုင်း ယူဆောင်သွားခြင်း၊ ပျက်စီးပျောက်ဆုံးသွားခြင်းဖြစ်လျှင်

ထိုမဲရုံ၏ ဆန္ဒမဲပေးခြင်း ပျက်ပြယ်သည်ဟု သတ်မှတ်ရမည်။

(ခ) အပိုဒ်(က)အရ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်း ပျက်ပြယ်လျှင် လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီး၏ အခြားမဲရုံများမှရရှိသော ဆန္ဒမဲများကိုစုစည်းပြီး ကြေညာခြင်း မပြုသေးဘဲ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက မည်သည့်နေ့ရက်အချိန်တွင် မည်သည့်နေရာ၌ ထိုမဲရုံအတွက် ဆန္ဒမဲအသစ်ပေးခြင်းကို ပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာရမည်။

(ဂ) အပိုဒ်(ခ)အရ အသစ်ထပ်မံကျင်းပသော ရွေးကောက်ပွဲ၌ အဆိုပါမဲရုံမှရရှိသည့် ဆန္ဒမဲများကို အခြားမဲရုံများမှ ရရှိပြီးသော ဆန္ဒမဲများနှင့်စုစည်း၍ ကြေညာရမည်။

(ဃ) အပိုဒ် (က)အရ ဆန္ဒမဲပေးခြင်း ပျက်ပြယ်ခဲ့သော မဲရုံ၌ ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၅၀(ဂ) အရ ရွေးကောက်ပွဲ ထပ်မံမပြုလုပ်ရန် ကော်မရှင်က ဆုံးဖြတ်ပါက ယင်းမဲရုံ၏ ဆန္ဒမဲများကို ချန်လှပ်၍ အခြားမဲရုံများမှ ရရှိပြီးသော ဆန္ဒမဲများကိုသာ စုစည်း၍ကြေညာရမည်။

## လုံခြုံရေးအတွက် တာဝန်ပေးအပ်ခြင်း

၅၄။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ကျင်းပသောနေ့တွင် မဲဆန္ဒရှင်များ စိတ်အေးချမ်းသာစွာဖြင့် လွယ်ကူစွာဆန္ဒမဲပေးနိုင်ရေး၊

စည်းကမ်းတကျရှိစေရေး၊ မဲရုံလုံခြုံမှု ရှိစေရေးတို့အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့်လည်းကောင်း၊ ဒေသခံပုဂ္ဂိုလ်များဖြင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရမည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ မဲရုံများကို ကြီးကြပ်ခြင်း

၅၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ မဲရုံများကို အောက်ပါအတိုင်း ကြီးကြပ်ပေးရမည် -

(က) မဲဆန္ဒရှင်များ (မသန်စွမ်းသူများအပါအဝင်) လွယ်ကူလွတ်လပ်စွာ လျှို့ဝှက်ဆန္ဒမဲ ပေးနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(ခ) မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များသည် သတ်မှတ်ပေးထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့်အညီ ဆောင်ရွက်ရန်၊

(ဂ) မဲပုံး၌ ဆန္ဒမဲလက်မှတ်ဝင်နိုင်ရုံသာ အပေါက်ပြုလုပ်ထားခြင်းရှိ မရှိ အပေါက်ကျဉ်းလွန်းခြင်း/ ကျယ်လွန်းခြင်း ရှိ မရှိ စစ်ဆေးရန်၊

(ဃ) မဲဆန္ဒပြုရာတွင် အသုံးပြုမည့် အမှန်(Â) အမှတ်အသားပါ တံဆိပ်တုံးများ ပြည့်စုံလုံလောက်မှု ရှိ မရှိ စစ်ဆေးရန်၊

(င) မဲရုံဖွင့်ပိတ်ခြင်းကို အပိုဒ် ၆၅ နှင့် ၆၆ ပါအတိုင်း ဆောင်ရွက်ရန်၊

(စ) သက်ဆိုင်ရာ မဲရုံအသီးသီးသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲပေးသော မဲဆန္ဒရှင်များကိုသာ ဆန္ဒမဲလက်မှတ်ထုတ်ပေးမှု ရှိ မရှိ စိစစ်ရန်၊

(ဆ) သူတစ်ပါးအယောင်ဆောင်၍ဆန္ဒမဲပေးခြင်း ရှိ မရှိ စိစစ်ရန်၊

(ဇ) ဆန္ဒမဲပေးသည့်နေ့တွင် ဆန္ဒမဲပေးရန်လာရောက်သူများစိတ်ငြိုငြင်စေရန် သို့မဟုတ် မဲရုံတွင်တာဝန်ကျသောမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များတာဝန်အရဆောင်ရွက်ခြင်းကိုအနှောင့်အယှက်ဖြစ်စေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှကိုက် ၅၀၀ အတွင်း၌ဖြစ်စေ အသံချဲ့စက် အစရှိသောအသံကိုကျယ်အောင်ပြုလုပ်သည့် ကိရိယာတန်ဆာပလာကိုအသုံးပြုခြင်း၊ အော်ဟစ်ခြင်းအစရှိသော စည်းကမ်းမဲ့သည့်အပြုအမူများတွေ့ရှိပါက သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ အရေးယူဆောင်ရွက်ရန်။

**မဲရုံသို့မလာရောက်နိုင်သည့် မဲဆန္ဒရှင်များကိုကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးစေခြင်း**

၅၆။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ကျင်းပသောနေ့ရက်၌မိမိနှင့်သက်ဆိုင်သည့် မဲဆန္ဒနယ်ပြင်ပသို့ ခရီးဝေးသွားရန်ရှိသူတစ်ဦးသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံ ကြိုတင်၍ ဆန္ဒမဲပေးရန် လာရောက်ပါက ကော်မရှင်ကသတ်မှတ်ထားသည့်ကာလအတွင်း ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲ

ပေးခွင့်ပြုနိုင်သည်။ ယင်းသို့ မဲဆန္ဒနယ်၏ပြင်ပသို့ ခရီးဝေးသွားရန်ရှိပါက ခိုင်လုံသော အထောက်အထား တောင်းခံရမည်။

၅၇။ ရွေးကောက်ပွဲကျင်းပသောနေ့၌ မဲဆန္ဒနယ်အတွင်းတွင် ရှိသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲပေးနိုင်စွမ်းမရှိသော အနာကြီးရောဂါစွဲကပ်နေသူ၊ ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ၊ အသက်အရွယ်ကြီးရင့်နေသူ၊ နေအိမ်တွင် မီးဖွားနေသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ရွေးကောက်ပွဲနေ့မတိုင်မီ မိမိအဖွဲ့ဝင် နှစ်ဦးကိုစေလွှတ်၍ သက်ဆိုင်ရာ မဲဆန္ဒရှင်များအား ရွေးကောက်မှုဆိုင်ရာအခွင့်အရေးအရ ဆန္ဒမဲပေးလိုက ပေးနိုင်ကြောင်းနှင့် ဆန္ဒမဲမပေးလိုက မပေးဘဲနေနိုင်ကြောင်းကို ရှင်းပြရမည်။ သက်ဆိုင်ရာ မဲဆန္ဒရှင်က ဆန္ဒမဲပေးလိုပါက ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။ ယင်းသို့ ဆန္ဒမဲပေးခွင့်ရှိသူကိုယ်တိုင် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ရေးသွင်းရန် အခက်အခဲရှိလျှင် မဲစာရင်းတွင်ပါရှိသော ယင်းပုဂ္ဂိုလ်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကိုမောင်နှမတစ်ဦးဦးက ဆန္ဒမဲပေးခွင့်ရှိသူ၏ဆန္ဒအတိုင်း ယင်း၏ရှေ့မှောက်တွင် ရေးသွင်းရမည်။ ထိုသို့ကူညီမည့်သူမရှိလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲဝင်တစ်ဦးဦးက ယင်းပုဂ္ဂိုလ်၏ ရှေ့မှောက်တွင် ယင်းပုဂ္ဂိုလ်က ညွှန်ကြားသည့်အတိုင်း ရေးသွင်းရမည်။ ဆန္ဒမဲပေးသူသည် မသန်စွမ်းသူဖြစ်လျှင် ဤနည်းဥပဒေပါ နည်းလမ်းအတိုင်းဆောင်ရွက်ပြီး သက်ဆိုင်ရာ မဲစာရင်း၌ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမအရင်း

တစ်ဦးဦး သို့မဟုတ် မဲဆန္ဒရှင် မသန်စွမ်းသူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်သောသူတစ်ဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးခြင်းကိုလည်း ခွင့်ပြုရမည်။

၅၈။ အချုပ်ခံနေရသူများဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းအကြီးအမှူးကိုဆက်သွယ်ပြီး အချုပ်ခံနေရသူများ ဆန္ဒမဲပေးနိုင်ရန် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ မိမိအဖွဲ့ဝင်နှစ်ဦးကို စေလွှတ်၍ ကြိုးကြပ်ဆောင်ရွက်ပေးရမည်။ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းအကြီးအမှူးသည် အချုပ်ခံနေရသူများ ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှစ်ဦးသို့ ပြန်လည်ပေးအပ်ရမည်။

၅၉။ ဆေးရုံသို့ တက်ရောက်နေသော အတွင်းလူနာများ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် သက်ဆိုင်ရာ ဆေးရုံတာဝန်ခံနှင့်ဆက်သွယ်ပြီး ဆေးရုံတက်ရောက်နေသော အတွင်းလူနာများဆန္ဒမဲပေးနိုင်ရန် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ မိမိအဖွဲ့ဝင်နှစ်ဦးကိုစေလွှတ်၍ ကြိုးကြပ်ဆောင်ရွက်ပေးရမည်။ ဆေးရုံတာဝန်ခံသည် သက်ဆိုင်ရာ အတွင်းလူနာ၏ ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ပါစာအိတ်ကို လာရောက်ကြိုးကြပ်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှစ်ဦးသို့ ပြန်လည်ပေးအပ်ရမည်။

၆၀။ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းအကြီးအမှူး သို့မဟုတ် ဆေးရုံတာဝန်ခံတို့သည် သက်ဆိုင်ရာ မဲဆန္ဒရှင်များအား ယင်းတို့၏ ရွေးကောက်မှုဆိုင်ရာအခွင့်အရေးအရ ဆန္ဒမဲပေးလိုကပေးနိုင်ပြီး ဆန္ဒမဲ မပေးလိုပါက မပေးဘဲနေနိုင်ကြောင်း ဦးစွာရှင်းပြရမည်။ သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဆန္ဒမဲပေးလိုပါက ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲ ပေးနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၆၁။ (က) အထက်အပိုဒ် ၅၆၊ ၅၇၊ ၅၈၊ ၅၉ နှင့် ၆၀ တို့ပါဆန္ဒမဲပေးပိုင်ခွင့် ရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များ ထုတ်ပေးရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် မိမိကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်ရိုက်နှိပ်ပြီး တာဝန်ခံထုတ်ပေးသူ အမည်ဖော်ပြ၍ လက်မှတ်ရေးထိုးထုတ်ပေးရမည်။

(ခ) ယင်းသို့ ကြိုတင်ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတို့အား ကြိုတင်ဆန္ဒမဲပေးသူ၏ လျှို့ဝှက်ဆန္ဒပြုခြင်းကို မထိခိုက်စေဘဲ လိုက်ပါကြည့်ရှုခွင့် ပြုရမည်။

၆၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒရှင်များဆန္ဒပြုပြီးသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါရှိသည့် စာအိတ်များကို မဲရုံအလိုက် ချိပ်ပိတ်ထားသည့် သက်ဆိုင်ရာမဲပုံးများ အတွင်းသို့ သက်သေများရှေ့တွင်ထည့်သွင်း၍ လုံခြုံစွာထိန်းသိမ်းရမည်။

၆၃။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ယင်းသို့ ကြိုတင်ဆန္ဒမဲပေးသူများ၏ အမည်စာရင်းကို ယင်းတို့နှင့်သက်ဆိုင်သော မဲစာရင်းများနှင့်ယှဉ်တွဲပြီး ရေးမှတ်ထားရမည်။ ယင်းသို့ ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါရှိသော စာအိတ်များထည့်ထားသည့်မဲပုံးနှင့် လက်ခံဖြတ်ပိုင်းများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး လက်မှတ်ရေးထိုးထားသည့် ပုံစံ(၁၃)လေးစောင်စီနှင့်အတူ သက်ဆိုင်ရာ မဲရုံမှူးများထံသို့ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံမဖွင့်မီ ပေးပို့ရမည်။ ယင်းပုံစံ (၁၃)များတွင် မဲရုံမှူးက လက်မှတ်ရေးထိုး၍ တစ်စောင်ကို မဲရုံမှူးက သိမ်းဆည်းထားပြီး တစ်စောင်ကို မဲရုံတွင်ကပ်ထားရမည်။ ကျန်နှစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည်ပေးအပ်သည့်အခါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားပြီး တစ်စောင်ကို မိမိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံး၌ ကပ်ထားရမည်။

## မဲရုံအတွင်းသို့ ဝင်ရောက်ခြင်း

၆၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ကျင်းပသောနေ့၌ မဲရုံထဲသို့ အောက်ပါပုဂ္ဂိုလ်များမှတစ်ပါး အခြားမည်သူမျှဝင်ရောက်ခြင်း မရှိစေရေး အတွက် မဲရုံမှူးများအား နှိုးဆော်ကြီးကြပ်ပေးရမည် -

(က) မဲရုံအဖွဲ့ဝင်များ၊

(ခ) ဆန္ဒမဲပေးမည့်သူများ၊

(ဂ) တာဝန်ကျရဲတပ်ဖွဲ့ဝင်များ သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက လုံခြုံရေးတာဝန် ပေးအပ်ခံရသူများ၊

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၄၂ အရ ခွင့်ပြုထားသူများ၊

(င) ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲဝင်များ၊

(စ) သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံမည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ နှင့် အကူကိုယ်စားလှယ်များ၊

မှတ်ချက်။ မဲရုံများတွင် မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ် နှစ်ဦးလုံး မဲရုံအတွင်းသို့ ဝင်ရောက်ပါက လျှို့ဝှက်မဲပေးစနစ်ကို ထိခိုက်နိုင်လျှင် ၎င်းတို့နှစ်ဦးအနက် တစ်ဦးစီသာ အလှည့်ကျ ဝင်ရောက်စေရေး စီမံဆောင်ရွက်ရမည်။

(ဆ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုထားသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ။

**မဲရုံပိတ်ချိန်တွင် ရောက်ရှိလာသော မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်း**

၆၅။ ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ ဆန္ဒမဲပေးရန် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ မဲရုံကို ဖွင့်လှစ်ထားရှိရမည်။ သို့ရာတွင် ညနေ ၄ နာရီမတိုင်မီ ဆန္ဒမဲပေးခွင့်ရှိသူအားလုံး ဆန္ဒမဲပေးပြီးပါက မဲရုံကို ပိတ်ရမည်။

၆၆။ မဲရုံမှူးသည် ဆန္ဒမဲပေးရန် သတ်မှတ်ထားသော အချိန်စေ့ရောက်သောအခါ သာမန်အားဖြင့် မဲရုံကိုပိတ်ရမည်။ သို့ရာတွင် မဲရုံမပိတ်မီ မဲရုံပရိဝုဏ်အတွင်း၌ ဆန္ဒမဲပေးရန် ရောက်ရှိနေသော ဆန္ဒမဲမပေးရသေးသည့်သူများ ရှိ မရှိ စိစစ်၍ ရှိပါက စာရင်းကောက်ယူပြီးလျှင် ထိုသူများအား ဆန္ဒမဲပေးချိန် ကျော်လွန်ပြီးဖြစ်စေကာမူ ဆန္ဒမဲပေးခွင့်ပြုရမည်။

**ဆန္ဒမဲရေတွက်ခြင်း**

၆၇။ ဆန္ဒမဲရေတွက်ခြင်းနှင့်စပ်လျဉ်း၍ အပိုဒ် ၆၈ မှ ၇၆ ထိပါ မဲရုံမှူး၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ဥပဒေနှင့်အညီ ကြီးကြပ်ပေးရန် တာဝန်ရှိသည်။

၆၈။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲကျင်းပသည့်နေ့၌ ဆန္ဒမဲပေးခြင်း ပြီးဆုံးလျှင်ပြီးဆုံးခြင်း မဲရုံမှူးသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အသုံးမပြုဘဲ ကျန်နေသော ဆန္ဒမဲလက်မှတ်များကို မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များရှေ့မှောက်၌ ရေတွက်ပြီးနောက် ပုံစံ

(၁၆-၁)ဖြင့် သုံးစောင်ပြုစုရမည်။ ယင်းပုံစံများတွင် မှန်ကန်ကြောင်း မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များက လက်မှတ်ရေးထိုး၍ ပုံစံတစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ကျန်တစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကို မဲရုံမှူး၏ လက်ဝယ်တွင် ထိန်းသိမ်းထားရမည်။

(ခ) မဲရုံမှူးသည် ဆန္ဒမဲရေတွက်ခြင်းကို ကိုယ်တိုင်ဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်ထားသော မဲရုံအဖွဲ့ဝင်ကဖြစ်စေ မဲရုံတွင်ပင်မဲရုံအဖွဲ့ဝင်များ၊ အသိသက်သေများ၊ အများပြည်သူများ၊မဲရုံကိုယ်စားလှယ်များရှေ့မှောက်၌ ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်နှင့် နည်းဥပဒေ ၅၁ (ဆ) အရ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆက်လက်ရေတွက်ရမည်။ ယင်းသို့ ရေတွက်ရာ၌ နည်းဥပဒေ ၅၁(ဆ)အရ မိမိလက်ခံထားရှိသော ကြိုတင်ဆန္ဒမဲပုံးမှ ကြိုတင်ဆန္ဒမဲများကို ဦးစွာ ရေတွက်ရမည်။ ယင်းမဲပုံးကိုမဖွင့်မီ မဲရုံကိုယ်စားလှယ်များနှင့် လေ့လာသူများအား ချိပ်ပိတ်ထားသည့် အခြေအနေအတိုင်းရှိကြောင်း ပြသရမည်။ ထိုသို့ဆန္ဒမဲလက်မှတ်များ ရေတွက်ခြင်းကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကိုပါ လေ့လာခွင့် ပြုရမည်။ ဆန္ဒမဲလက်မှတ်များ ရေတွက်ပြီးနောက်

ကော်မရှင်က ညွှန်ကြားသည့်အတိုင်း စာရင်းများကို ပြုစုရမည်။

၆၉။ မဲရုံမှူးသည် ဆန္ဒမဲရေတွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၆၅ အရ ဆန္ဒမဲရေတွက်ရာနေရာတွင်ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏အမည်စာရင်းကို ပုံစံ ၁၆ ၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်။

(ခ) ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်နှင့် မဲပုံးအတွင်းမှရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်သည် ကိုက်ညီမှု ရှိ မရှိကို စစ်ဆေးရမည်။ ကိုက်ညီမှု မရှိပါက သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။ သို့ရာတွင် ဆန္ဒမဲရေတွက်ခြင်းကိုမူ ဆက်လက်ဆောင်ရွက်ရမည်။

၇၀။ ဆန္ဒမဲများကို ရေတွက်ရာတွင် ဆန္ဒမဲလက်မှတ် တစ်စောင်ချင်းစီအား မဲရုံအဖွဲ့ဝင်များ၊ သက်သေများ၊ မဲရုံကိုယ်စားလှယ်များကို ပြသ၍ ရေတွက်ရမည်။ အောက်ပါဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ပယ်မဲအဖြစ် သတ်မှတ်ရမည်-

(က) ဆန္ဒမဲလက်မှတ်

(၁) ကော်မရှင်က အတည်ပြုထားသော အမှတ်အသား မပါသည့် ဆန္ဒမဲလက်မှတ်၊

(၂) မဲရုံမှူး၏လက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊

(၃) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၄) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(၅) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊

(၆) ဆန္ဒမဲလက်မှတ်အတု ဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊

(၇) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသော ဆန္ဒမဲလက်မှတ်၊

(၈) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်၊

(၉) ကော်မရှင်က ပယ်မဲအဖြစ်သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ်များ။

(ခ) ကြိုတင်ဆန္ဒမဲလက်မှတ်

(၁) ကော်မရှင်က အတည်ပြုထားသည့် အမှတ်အသားမပါရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၂) ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၃) တာဝန်ခံထုတ်ပေးသူ၏ အမည်နှင့် လက်မှတ်မပါသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၄) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၅) ဆန္ဒပြုထားခြင်းမရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၆) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၇) ဆန္ဒမဲလက်မှတ် အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၈) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြု ထားသော ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၉) ဆုတ်ဖြဲထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၁၀) ကော်မရှင်က ပယ်မဲအဖြစ်သတ်မှတ်ရန် ထုတ်ပြန် ထားသော ဆန္ဒမဲလက်မှတ်များ။

၇၁။ မဲပုံးထဲမှထုတ်ယူရရှိသည့် ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်များနှင့် နည်းဥပဒေ ၅၁(ဆ)အရ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ် များကို ဆန္ဒပြုထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီ၏ အမည်အလိုက် သီးခြားခွဲ၍ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီ ရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ(၁၆)၊ ပုံစံ(၁၆-က)တို့ဖြင့် ငါးစောင်စီ ပြုစုရမည်။ ယင်းပုံစံများတွင်မှန်ကန်ကြောင်း မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အနည်းဆုံးသက်သေလေးဦးက လက်မှတ် ရေးထိုး၍ ပုံစံတစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ လည်းကောင်း၊ ပုံစံနှစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ လည်းကောင်းပေးပို့ရမည်။ တစ်စောင်ကို မဲရုံမှူး၏လက်ဝယ်တွင်ထိန်းသိမ်း ထားပြီး ကျန်တစ်စောင်ကို မိမိ၏မဲရုံတွင် ကပ်ထားရမည်။ ရပ်ကွက်

သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မဲရုံအသီးသီးက ပေးပို့လာသည့် ပုံစံ(၁၆)နှင့် ပုံစံ(၁၆-က) တစ်စောင်စီကို မိမိကော်မရှင်အဖွဲ့ခွဲရုံးတွင် အများမြင်သာအောင် ကပ်ထားပေးရမည်။ တစ်စောင်ကို ရုံးလက်ခံအဖြစ် ထိန်းသိမ်းထားရမည်။

၇၂။ ဆန္ဒမဲရေတွက်ရာတွင် မဲရုံမှူးကပယ်သည့် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များအားကြည့်ရှုရန်အခွင့်အရေးပေးရမည်။ ပယ်သည့်အကြောင်းကို သတ်မှတ်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများပါ ပုံစံ(၁၇)နှင့် တိုင်းရင်းသားလူမျိုးအတွက် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေပါပုံစံ(၁၇-က) တို့ဖြင့် မှတ်တမ်းတင်၍ မဲရုံမှူးက လက်မှတ်ရေးထိုးထားရမည်။

၇၃။ မဲပုံးထဲမှထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်များနှင့် နည်းဥပဒေ ၅၁(ဆ)အရ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များအားလုံးကို ရေတွက်ပြီးစီးသည့်အခါ မဲရုံမှူးသည် လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို သီးခြားအိတ်များတွင်ထည့်ကာ လုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ် ရိုက်နှိပ်ရမည်။ ယင်းမဲရုံမှ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်တို့ကိုလည်း ချိပ်တံဆိပ်ရိုက်နှိပ်ခွင့်ပေးရမည်။ ယင်းအိတ်အသီးသီးပေါ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်၊ မဲဆန္ဒနယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ထင်ရှားစွာ ရေးမှတ်ရမည်။ ပယ်မဲအားလုံးကို အိတ်တစ်အိတ်တွင်

ထည့်ကာ လုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ် ရိုက်နှိပ်ရမည်။ ယင်းအိတ်အား မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များကိုလည်း ချိပ်တံဆိပ် ရိုက်နှိပ်ခွင့်ပေးရမည်။ ယင်းအိတ်ပေါ်တွင် မဲဆန္ဒနယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ထင်ရှားစွာ ရေးမှတ်ရမည်။ ထို့နောက် အထက်ဖော်ပြပါ အိတ်များအားလုံးကို အထုပ် တစ်ထုပ် ပြုလုပ်ရမည်။

၇၄။ မဲရုံပိတ်ချိန်တွင် မဲရုံမှူးသည် အောက်ပါတို့ကို အထုပ်တစ်ထုပ်စီ ထုပ်ပြီးလျှင် မိမိ၏ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။ အထုပ်ပေါ်တွင် အထုပ် အတွင်းရှိ ပစ္စည်းအမျိုးအမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည် နှင့် မဲရုံအမှတ်တို့ကို ရေးသားရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း များ၏ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်တို့ကိုလည်း မိမိတို့၏ချိပ်တံဆိပ်ကို ရိုက်နှိပ်လိုက ရိုက်နှိပ်ခွင့်ပြုပြီး ယင်းအထုပ်များ ကို အထုပ်ကြီးတစ်ထုပ် ပြုလုပ်ရမည် -

(က) မသုံးဘဲ ကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံ ဖြတ်ပိုင်းများနှင့် ပုံစံ (၁၆-၁)၊

(ခ) မဲရုံတွင်အသုံးပြုသော မဲစာရင်း၊

(ဂ) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊

(ဃ) ပယ်မဲပုံစံ (၁၇)၊ ပုံစံ (၁၇-က)များ။

၇၅။ အပိုဒ် ၇၃ နှင့် ၇၄ တို့ပါ အထုပ်များကို အိတ်ကြီး တစ်လုံးတွင် ထည့်သွင်းကာ မဲရုံမှူးက ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။ မဲရုံကိုယ်စားလှယ် များနှင့် အကူကိုယ်စားလှယ်တို့ကိုလည်း ချိပ်တံဆိပ်ရိုက်နှိပ်လိုက ရိုက်နှိပ်

ခွင့်ပြုရမည်။ ထို့နောက် ယင်းအိတ်ကြီးကို ပုံစံ (၁၆)၊ ပုံစံ(၁၆-က) တို့နှင့်အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးပေးပို့ရမည်။ ထိုအိတ်ကြီးပေါ်တွင် ပေးပို့သော မဲရုံအမှတ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အမည်တို့ကို ဖော်ပြရမည်။

၇၆။ မဲရုံမှူးသည် အပိုဒ် ၇၅ ပါအိတ်ကြီးကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များလိုက်ပါ၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းပေးပို့ရမည်။ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ လုံခြုံရေးအခြေအနေအရလည်းကောင်း ထိုသို့ပေးပို့နိုင်ခြင်းမရှိပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ အပ်နှံရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် လုံခြုံစွာထိန်းသိမ်း၍ အခြေအနေပေးလျှင်ပေးခြင်း မဲရုံမှူးနှင့်အတူ ယင်းပုံစံ (၁၆)၊ ပုံစံ (၁၆-က)တို့နှင့် အိတ်ကြီးတို့ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆောလျင်စွာပေးပို့ရမည်။

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များ**

၇၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို တိကျမှန်ကန်စွာ လိုက်နာဆောင်ရွက်ရမည်။

( ခ ) မိမိတာဝန်ကို ဘက်မလိုက်ဘဲ ဖြောင့်မတ်တည်ကြည်စွာ ထမ်းဆောင်ရမည်။

( ဂ ) မိမိ၏တာဝန်၊ သိက္ခာနှင့်အညီ ပြောဆိုနေထိုင် ကျင့်ကြံရမည်။

(ဃ) ကော်မရှင်က ညွှန်ကြား၍ ဆောင်ရွက်ရသည်မှအပ ပါတီတွင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်မှု မပြုရ။

( င ) လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရေးအတွက် စောင့်ထိန်း လိုက်နာရမည်။

( စ ) ကော်မရှင်က ထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှ တစ်ပါး အခြားကိစ္စများနှင့်စပ်လျဉ်း၍ ပေါက်ကြားခြင်း မရှိစေရန် စောင့်ထိန်းရမည်။

(ဆ) ရွေးကောက်ပွဲတွင် မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်း အတွက်မျှ မဲဆွယ်ခြင်း၊ ဘက်လိုက်ခြင်းမပြုဘဲ တိကျမှန်ကန်စွာ ဆောင်ရွက်ရမည်။

**အစည်းအဝေးများပြုလုပ်သည့်အခါ လိုက်နာရမည့် နည်းလမ်းများ**

၇၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အစည်းအဝေးကို ဥက္ကဋ္ဌ၏ညွှန်ကြားချက်အရ အတွင်းရေးမှူးက ဖိတ်ကြားရမည်။

၇၉။ အစည်းအဝေးများတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌ မတက်ရောက်နိုင်ပါက အဖွဲ့ဝင်တစ်ဦးက သဘာပတိ အဖြစ် ဆောင်ရွက်ရမည်။

(ခ) ကော်မရှင်အဖွဲ့ခွဲဝင်ဦးရေ အားလုံး၏ ထက်ဝက်ကျော် တက်ရောက်မှသာ အစည်းအဝေးထမြောက်သည်ဟု မှတ်ယူရမည်။

(ဂ) ကော်မရှင်အဖွဲ့ခွဲဝင်ဦးရေ အားလုံး၏ထက်ဝက်ကျော်က သဘောတူညီမှသာ ဆုံးဖြတ်ချက်ချရမည်။

(ဃ) အစည်းအဝေးတွင် အတွင်းရေးမှူးသည် ဆန္ဒမဲပေးပိုင်ခွင့် ရှိသည်။

၈၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး သည် အစည်းအဝေးမှတ်တမ်းများကို ပြုစုထိန်းသိမ်းရမည်။

နိဂုံး

၈၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများ၌ အခြေခံအကျဆုံးသော အခန်းကဏ္ဍမှ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အဖွဲ့အစည်း ဖြစ်သည်။ ထို့ကြောင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ များသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ များနှင့် ကော်မရှင်က အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်

များကို ဖတ်ရှုလေ့လာ၍ ကောင်းမွန်စွာ သဘောပေါက် နားလည်ထား ကြရန် လိုအပ်သည်။

၈၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် ဤလုပ်ငန်းလမ်းညွှန်ချက်များကို ကျေညက်စွာလေ့လာပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ဥပဒေနှင့်အညီ အောင်မြင်စွာ ဆောင်ရွက်သွားကြရန်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအပါအဝင်)များအတွက်

### ( မဲရုံနမူနာပုံစံ )




က = မဲရုံဝင်ပေါက်ဝ
ခ = မဲရုံမှူး
ဂ = ဒုတိယမဲရုံမှူး
ဃ = လွှတ်တော်/လူမျိုးအလိုက်မဲစာရင်းစစ်ဆေးသူ
င = လွှတ်တော်/လူမျိုးအလိုက်မဲလက်မှတ်ထုတ်ပေးသူ

စ = လွှတ်တော်/လူမျိုးအလိုက်မဲပုံးများ
ဆ = လျှို့ဝှက်ဆန္ဒပြုခန်းများ
ဓ = မဲရုံလုံခြုံရေး
ဈ = မင်တို့မည့်မဲရုံအဖွဲ့ဝင်
ည = ရပ်/ကျေးကော်ခွဲဝင်များ

ဋ = လွှတ်လှယ်လောင်း/ ရွေးကောက်ပွဲကိုယ်စားလှယ်/မဲရုံကိုယ်စားလှယ်အကူကိုယ်စားလှယ်များ၊
ဠ = မဲရုံထွက်ပေါက်

ရှင်းလင်းချက်။ ၁။ မဲရုံ တစ်ရုံလျှင် မဲဆန္ဒရှင်အများဆုံး (၃၀၀) ဦး မှ (၃၀၀၀) အထိ သတ်မှတ်လျာထားပါသည်။

၂။ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်၏ကျောဘက်တွင် ကော်မရှင်တံဆိပ်နှင့်ရေစာကို(အစိမ်းရောင်) ရိုက်နှိပ်ပြီးမဲပုံးကိုလည်း အစိမ်းရောင်ဖြင့် သတ်မှတ်ပါမည်။

၃။ အမျိုးသားလွှတ်တော် ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် ကော်မရှင်တံဆိပ်နှင့် ရေစာကို (အပြာရောင်)ရိုက်နှိပ်ပြီး မဲပုံးကိုလည်း အပြာရောင်ဖြင့် သတ်မှတ်ပါမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် ကော်မရှင်တံဆိပ်နှင့် ရေစာကို (ခရမ်းရောင်)ရိုက်နှိပ်ပြီး မဲပုံးကိုလည်း ခရမ်းရောင်ဖြင့် သတ်မှတ်ပါမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ) အတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး၏အမည်ကို စာသားဖြင့် ထင်ရှားစွာသတ်မှတ်ဖော်ပြပါမည်။

နောက်ဆက်တွဲပုံစံ (ခ)

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ဆန္ဒမဲလက်မှတ်စာအုပ်များကို မဲရုံမှူးသို့ ထုတ်ပေးသည့်အခါ အသုံးပြုရန်ပုံစံ

| စဉ် | သက်ဆိုင်ရာလွှတ်တော် | ဆန္ဒမဲလက်မှတ်စာအုပ်အရေအတွက် | | ဆန္ဒမဲလက်မှတ်စာအုပ်လက်ခံသူ၏လက်မှတ် |
|---|---|---|---|---|
| | | ဂဏန်းဖြင့် | စာသားဖြင့် | |
| ၁ | ပြည်သူ့လွှတ်တော် | | | |
| ၂ | အမျိုးသားလွှတ်တော် | | | |
| ၃ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် | | | |
| ၄ | သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးလွှတ်တော် | | | |

လက်မှတ် -----------

---- ရပ်ကွက်/ကျေးရွာအုပ်စု

ကော်မရှင်အဖွဲ့ခွဲ

----------မြို့နယ်

မဲရုံမှူးလက်မှတ် ------------

မဲရုံအမှတ် ----------------

-------ရပ်ကွက်/ကျေးရွာအုပ်စု

----------မြို့နယ်